ရှေ့တန်းအမှတ်(၂၇၅)ခြေလျင်တပ်ရင်း
မြဝတီမြို့
စာအမှတ်၊ ၄၀၀၂ / ရတ-၂၇၅ / ဦး ၄
ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်

သို့

ကေအင်န်ယူ/ကေအင်န်အယ်လ်အေ(ပီစီ)(ဆက်ဆံရေးရုံး)
ကေကေအို(ဆက်ဆံရေးရုံး)

အကြောင်းအရာ ။ ငြိမ်းချမ်းရေးတပ်ဖွဲ့များ လက်နက်ကိုင်ဆောင်သွားလာမှုကို တားမြစ်သတိပေးခြင်းကိစ္စ

၁။ လိပ်မူပါဆက်ဆံရေးရုံး လက်အောက်ခံတပ်ဖွဲ့ဝင်များသည် ယူနီဖောင်းဝတ်/လက်နက်ကိုင်ဆောင်သွားလာမှုမပြုရန်နှင့် သက်ဆိုင်ရာအစိုးရဌာနများမှ ဥပဒေနှင့်အညီဆောင်ရွက်သည့်ကိစ္စရပ်များတွင် ဝင်ရောက်စွက်ဖက်နှောက်ယှက်ခြင်း မပြုရန်အကြိမ်ကြိမ် သတိပေးအကြောင်းကြားထားသော်လည်း ယူနီဖောင်းဝတ်/ လက်နက်ကိုင်ဆောင်သွားလာမှုများပြုလုပ်နေသည်ကို သိရှိမြင်တွေ့နေရပြီး စည်းကမ်းလိုက်နာမှုမရှိကြောင်းတွေ့ရှိရပါသည်။

၂။ ထိုသို့လက်နက်ကိုင်ဆောင်သွားလာနေခြင်းမှာ မြဝတီမြို့အတွက် အဟန့်အတားသဖွယ်ဖြစ်နေပြီး ပြည်သူလူထုအား စိုးရိမ်ကြောင့်ကြမှုများ ဖြစ်ပေါ်စေကာ မြို့တော်လုံခြုံရေးကိုပါ ထိခိုက်စေနိုင်သည့်လုပ်ရပ်များဖြစ်ပါသည်။ လိပ်မူပါအဖွဲ့အစည်းများအနေဖြင့် တရားဥပဒေစိုးမိုးရေးအတွက် ဥပဒေဘောင်အတွင်းမှနေ၍ ဝိုင်းဝန်းကူညီဆောင်ရွက်သင့်ပြီး သဘောတူညီထားသည့် ငြိမ်းချမ်းရေးမူဝါဒများအတိုင်း လိုက်နာဆောင်ရွက်သွားရန် အထူးလိုအပ်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ ငြိမ်းချမ်းရေးအဖွဲ့များအနေဖြင့် ယနေ့မှစ၍မြို့တွင်း/မြို့ပြင် သွားလာမှုများအားယူနီဖောင်းဝတ်/လက်နက်ကိုင်ဆောင်သွားလာမှု လုံးဝ(လုံးဝ)မပြုလုပ်ကြရန် အပြင်းအထန်တားမြစ်ကြောင်းနှင့် အရေးကြီးကိစ္စဖြင့်မဖြစ်မနေသွားလာရမည်ဆိုပါက သက်ဆိုင်ရာဆက်ဆံရေးရုံးမှတစ်ဆင့်ရှေ့တန်းရုံး(မြဝတီ)သို့ ဦးစီးခေါင်းဆောင်/ အင်အား/ယာဉ်အမျိုးအစား /အရေအတွက်/လက်နက်အမျိုးအစားအရေအတွက်တို့ကို ကြိုတင်အကြောင်းကြား ခွင့်ပြုချက်ရယူပြီးမှသွားလာရမည်ကို ၎င်းတို့၏တပ်ဖွဲ့ဝင်များသို့ပါ အသိပေးအကြောင်းကြားထားရန်၊ မြို့ဝင်/ထွက်ရှိလုံခြုံရေးဂိတ်

စခန်းများမှ လုံခြုံရေးအရရပ်တန့်စစ်ဆေးမေးမြန်းသည်ကိုလည်း ကြည်ဖြူကျေနပ်စွာ လက်ခံစေလို ကြောင်း သတိပေးအကြောင်းကြားပါသည်။

တပ်ရင်းမှူး (ကိုယ်စား

မိတ္တူကို

ရွှေတန်းအမှတ်(၄)စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်
စစ်ဗျူဟာအဖွဲ့(အခြေချ)သက်န်းညီနောင်
အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(မြဝတီ)
ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(မြဝတီ)
အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(မြဝတီ)
ကေအင်န်ယူ/ကေအင်န်အယ်လ်အေဗဟိုဌာနချုပ်
ကေကေအိုဗဟိုဌာနချုပ်
ကေအင်န်ယူဆက်ဆံရေးရုံး(မြဝတီ)
ရုံးလက်ခံ/မျှော